mgyoe.com
SAMPLE BOOK

# နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ


## နိုင်းနိုင်းစနေ




mgyoe.com

(ပဉ္စမအကြိမ်)

mgyoe.com
SAMPLE BOOK



အချိန်ကို
ပြောင်းလဲနိုင်သည်ဖြစ်စေ၊
မပြောင်းလဲနိုင်သည်ဖြစ်စေ
ရှင်သန်နေချိန်မှာ
အချိန်ကို
တစ်စက္ကန့်၊ တစ်မိနစ် ဖမ်းဆုပ်ပြီး
ဘဝအတွက်၊ တောက်ပမှုအတွက်
အချိန်နဲ့အမျှ
အဓိပ္ပာယ်ရှိတဲ့ အလုပ်တွေ
လုပ်ဆောင်နေဖို့ပါပဲ။



# နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ

နိုင်းနိုင်းစနေ


နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ
9 782023 000229

mgyoe.com

Cover Design
PAING NAING AUNG @ 2023

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၂၂)
ပုံနှိပ်မှတ်တမ်း
စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ

ထုတ်ဝေသည့်အကြိမ် ♦ ပဉ္စမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ
မျက်နှာဖုံးဒီဇိုင်း ♦ ပိုင်နိုင်အောင်
အတွင်းဒီဇိုင်း ♦ ပိုင်နိုင်အောင်
ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀
စာအုပ်တန်ဖိုး ♦ ၅၅၀၀ ကျပ်
ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘောကျင်း ၂ လမ်း၊
သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၈၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

နိုင်းနိုင်းစနေ
နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ / နိုင်းနိုင်းစနေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၂၂) နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | ထုတ်ဝေသူ၏ အမှတ်တရစကား | ၅ |
| ၁။ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ | ၇ |
| ၂။ | ကိုယ် နှစ်သက်သူကိုပဲ ကြင်နာတတ်တယ်တဲ့လား | ၁၀ |
| ၃။ | နှိပ်မှုန့်ထုပ်လေးတစ်ထုပ် | ၁၅ |
| ၄။ | မနာလိုမှုက ဖြစ်တည်တဲ့ နာကျင်ကြေကွဲခြင်း | ၂၁ |
| ၅။ | စီးဖို့ ဖိနပ်ရှိရင် ခြေဗလာနဲ့ ဘယ်သူ နေမလဲ | ၂၄ |
| ၆။ | အတူဆော့ကစားနိုင်မယ့်သူ | ၂၉ |
| ၇။ | နွေးထွေးတဲ့ အလှည့်အပြောင်း | ၃၉ |
| ၈။ | ဒီကနေ့ဟာ သင် အနုပျိုဆုံးအချိန်ပါ | ၄၇ |
| ၉။ | ပွေ့ဖက်ခြင်းဖြင့် | ၄၇ |
| ၁၀။ | လေကို စောင့်တဲ့ ကောင်ကလေး | ၅၁ |
| ၁၁။ | သင့်အား အရှုံးရစေသူကို ကျေးဇူးတင်ပါ | ၅၆ |
| ၁၂။ | ပရဟိတနှလုံးသား | ၅၉ |
| ၁၃။ | ဟီလာရီနဲ့ ပြစ်ဒဏ်စာရွက် | ၆၂ |


mgyoe.com

mgyoe.com SAMPLE BOOK

၁၄။ အချစ်ကဗျာတွေ လက်ဆောင်ပေးမယ် ၆၄
၁၅။ တောင်းရမ်းသူတို့ရဲ့ စာကြည့်တိုက် ၆၇
၁၆။ ဘာလင်မြို့က စာအုပ်တော ၇၀
၁၇။ ထင်မှတ်မထားတဲ့ရလဒ်ကောင်း (သို့) စာဖတ်လေ့မရှိသူ ၇၂
၁၈။ အိမ်ခြေမဲ့ကြောင်ကို အလုပ်တစ်ခုပေးပါ ၇၆
၁၉။ စာဖတ်တဲ့လူမျိုး ၇၉
၂၀။ စာအုပ်တစ်အုပ် ကားခအခမဲ့ ၈၁
၂၁။ စာဖတ်ဒဏ် ၈၄
၂၂။ စာကြည့်တိုက်က အမျိုးသမီး ၈၇
၂၃။ စာအုပ်မှန်းသူ ၉၁
၂၄။ စိတ်ကူးအိပ်မက်စစ်စစ် ၁၀၂
၂၅။ တက်ကျမ်းပုံပြင်တွေရဲ့ အခြားတစ်ဘက်မှာ ၁၀၆
၂၆။ ကလေးကို ကျရှုံးတဲ့ အခွင့်အရေးပေးပါ ၁၀၉
၂၇။ ကပ်စီးနည်းတဲ့ ဒတ်(ချ်)လူမျိုး ၁၁၃
၂၈။ ကွာရှင်းပြီးတဲ့နောက် ၁၁၇

mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူ၏ အမှတ်တရစကား

၂၀၁၆ မှာ ထွက်ရှိခဲ့တဲ့ ဒီစာအုပ်လေးကို ပြန်ထုတ်ဖို့ စီစဉ်တော့ ဆရာမနဲ့ သေချာတိုင်ပင်ဖြစ်တယ်။

ကျွန်တော်က ဆရာမဆီမှာ ရှိတဲ့ မူရင်းဖိုင်လေးကို တောင်းပြီး အစအဆုံး စာစီစာရိုက်ပြန်လုပ်၊ Layout ပြန်ချ၊ ပရုဖ်သေချာပြန်စစ်တဲ့အခါ ဒီထဲမှာပါတဲ့ စာပုဒ်လေးတချို့က ခေါင်းစဉ်နဲ့ သိပ်မကိုက်နေသလိုလို ဖြစ်တာကြောင့် ဆရာမကို ပြောကြည့်တော့ ဆရာမကလည်း "အကောင်းဆုံးဖြစ်အောင် ကြိုးစားနေတာပဲ၊ ဖြုတ်ချင်တာရှိရင် ဖြုတ်ပလိုက်၊ ကျွန်မ အသစ်ထပ်ရေးမယ်"ဆိုတာနဲ့ တချို့အပုဒ်တွေကိုဖြုတ်ပြီး အသစ်တချို့ ထပ်ထည့်လိုက်ပါတယ်။

ထပ်ဖြည့်ချင်တာတွေ ရှိသေးပေမယ့် ခေတ်ကာလ စက္ကူဈေးကလည်း မြင့်မားတဲ့ နှုန်းထားတစ်ခုကို ရောက်နေတာကြောင့် စာချစ်သူတွေ ဝယ်ယူအားပေးလို့ အဆင်ပြေလောက်တဲ့ ဈေးတစ်ခုလောက်ကို ချိန်ဆပြီး ပြန်လည်ထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။

အဂုစအရာရာ ခက်ခဲနေတဲ့ ကာလဖြစ်တာကြောင့် ပထမအကြိမ်တုန်းက ဝယ်ယူထားသူများအနေဖြင့် ထပ်မံဝယ်ယူအားပေးဖို့ မတောင်းဆို

mgyoe.com

mgyoe.com SAMPLE BOOK

ရက်ပါဘူး။ သို့သော် အပြင်အဆင်သစ်တစ်ရပ်ကို ခံစားချင်တယ်၊ စာအုပ်လေးကိုလည်း မဝယ်ရသေးဘူးဆိုတဲ့ စာချစ်သူတွေကိုတော့ ဒီစာအုပ်လေးဟာ စိတ်ကျေနပ်မှု တစ်စုံတစ်ရာကို ပေးစွမ်းနိုင်ပါလိမ့်မယ်ဆိုတဲ့အကြောင်း အမှာပါးချင်ပါတယ်။

စာချစ်သူများအားလုံး နေကြာပန်းလေးတစ်ပွင့်လို ပြုံးနိုင်ပါစေ။

ပြည့်အာကာ

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ

နင့်ကို ပထမဆုံးအကြိမ်တွေ့တော့ နင် သေးငယ်လိုက်တာလို့ ငါ ထင်မိတယ်။ တစ်ယောက်တည်း အထီးကျန်ကျန် ချုံပုတ်မြက်ရိုင်းတွေကြား မှာ နင် ရပ်နေခဲ့တယ်။

"နင့်ကို ဂရုစိုက်မယ့်သူ မရှိဘူးလား"လို့ နင့်ရှေ့မှာ ငါ ထိုင်ချပြီး မျက်လုံးလေး မှိတ်တုတ်မှိတ်တုတ်နဲ့ မေးတယ်။

နင် ဘာမှပြန်မပြောဘူး၊ အသံမထွက်ဘဲ ခေါင်းငုံ့ထားတယ်။

နင့်ရဲ့ အလျှော့မပေးတဲ့ ရင်ခုန်သံကို ငါ ကြားမိလိုက်သလိုပဲ။

"အချိန်က နင့်ကို ဖျောက်ဖျက်သွားနိုင်တယ်သိလား"လို့ ငါ ပြော လည်း နင့်ဘက်က အသံမထွက်ခဲ့ဘူး။ ခါးကို နင် မတ်မတ်ရပ်ထားတယ်။

သက်ပြင်းတစ်ချက်ချပြီး နေရာကနေ ငါ ထွက်လာခဲ့တယ်။ နင့်ကို ငါ နောက်ထပ်တစ်ခေါက် တွေ့ရမယ်လို့တော့ မထင်ခဲ့ဘူး။

ဒါပေမဲ့ ငါ မှားသွားတယ်။ လအနည်းငယ်အကြာမှာ ဒုတိယအကြိမ် နင့်ကို ငါ တွေ့ပြန်တယ်။ မားမားမတ်မတ်ဖြစ်နေတဲ့ နင့်ကိုတွေ့တော့ ငါ အံ့ဩသွားတယ်။ နင့်အနား ငါ လျှောက်သွားတယ်။ နင့်အရပ်က ငါ့လောက် နီးနီးဖြစ်နေခဲ့ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

"နင် သန်မာလာလိုက်တာ"လို့ ငါ ပြောတယ်။

နေရောင်ခြည်ကို နင် မော့ကြည့်တယ်။ ငါ့ကို စကားပြန်မပြောဘဲ နင် ပြုံးတယ်။

နင့်မျက်နှာပေါ်မှာ ရှင်သန်ခြင်းရဲ့ဝင့်ကြွားမှုတွေ ထင်ဟပ်နေတယ်။

"ဒါဟာ ငါ တွေ့ဖူးသမျှ အပြုံးတွေထဲမှာ အတောက်ပဆုံးပဲ"လို့ ငါ ပြောတယ်။

နင် ပိုတောက်တောက်ပပ ပြုံးတယ်။ အဲဒီအပြုံးထဲမှာ မော်ကြွား ဘဝင်မြင့်ဟန် မပါဘူး။ ရိုးရိုးရှင်းရှင်းလေးပဲ။

"နင် အသက်ရှင်ခဲ့တာပဲနော်. . . ကြည့်စမ်း ကျန်းမာလိုက်တဲ့ ရုပ်ခန္ဓာနဲ့"

နင့်ကိုကြည့်ပြီး ငါ ပြောဖြစ်တယ်။ နင် ပြုံးမြဲပြုံးနေတယ်။ အချိန်ရဲ့ မတူညီတဲ့တန်ဖိုးတွေ ငါ့ကို နင် သက်သေပြနေသလိုပဲ။

"အချိန်က နင့်ကို မွေးဖွားတယ်၊ အချိန်က နင့်ကို ဖန်တီးတယ်၊ အချိန်ကပဲ နင့်ကို ဖျက်ဆီးလိမ့်မယ်" လို့ ငါ တည်တည်ငြိမ်ငြိမ်ပြောတယ်။

နင် နောင်တမရစွာ ပြုံးနေမြဲပဲ။ နင် တစ်ချိန်လုံး ကြည့်နေတဲ့နေရာကို ငါ မော့ကြည့်လိုက်တယ်။ အဲဒီနေရာက နေရောင်ခြည်ဖြာထွက်ရာနေရာပေါ့။ အချိန်ရဲ့မျက်မြင်သက်သေ နေမင်းပဲ ဖြစ်တယ်။

"ဘယ်သူကမှ အချိန်နောက် အမီမလိုက်နိုင်ဘူး"

အဲဒီစကားကို ငါ ချန်ရစ်ပြီး ညနေဆည်းဆာအချိန်လောက်မှာ နင့်ဆီကနေ ငါ ထွက်လာခဲ့တယ်။

နေရောင်ခြည်နောက် နင် ဇွဲမလျော့စတမ်း လိုက်နေတုန်းပဲ။ နင့်ရင်ထဲက ယုံကြည်ချက်ကို ငါ နားမလည်နိုင်တာလည်း ဖြစ်ခဲ့မှာပေါ့။

နင်က ငါ့ကို အံ့သြမှုတွေ အမြဲပေးတယ်။ နောက်ဆုံးတစ်ကြိမ် နင့်ကိုတွေ့တော့ နင်ဟာ ငါ တွေးထင်တာထက် ပိုအိုစာနေခဲ့တယ်။

"ကြည့်ဦးလေ. . . အချိန်ကို နင်ဘာမှ မတတ်နိုင်ခဲ့ဘူး မဟုတ်လား"

အကူညီမဲ့စွာ ငါ ပြောတယ်။

နင့်ခါးတွေ အရင်လို မထောင်မတ်တော့ဘူး။ တစ်ကိုယ်လုံးလည်း

mgyoe.com

mgyoe.com SAMPLE BOOK

အကောင်းပကတိမဟုတ်တော့ဘူး။ နင့်ကို ငါ ဆိတ်ဆိတ်ငြိမ်ငြိမ် ကြည့်နေမိတယ်။ ခေါင်းကို နင် ခက်ခက်ခဲခဲ ထောင်မတ်ထားတယ်။ အသံမထွက်ဘဲ နေမင်းကြီးကို အဲဒီနေရောင်ခြည်ကို မော့ကြည့်နေတုန်းဘဲ။ နင့်မျက်ဝန်းအိမ်မှာတော့ မျက်ရည်တွေ ပြည့်နေခဲ့တယ်။

အဲဒီအချိန်မှာပဲ. . . အဲဒီတခဏမှာပဲ. . . ငါ တုန်လှုပ်မိတယ်. . . နင် ပြုံးနေပါလား. . .

စိတ်ကျေနပ်မှုအပြည့်၊ စွဲမက်ဖွယ်အကြည့်နဲ့ နင် ထွက်ခွာသွားတဲ့အချိန်ကို ငါ မေ့မရနိုင်ခဲ့ဘူး။

သိပ်မကြာတဲ့အချိန်မှာ နင် ရှင်သန်ခဲ့တဲ့နေရာဆီ ငါ ရောက်လာခဲ့ပြန်တယ်။ နင် ရှင်သန်ခဲ့တဲ့နေရာကို ငါ တွေ့တော့ ငါ အံ့သြမင်သက်သွားမိတယ်။ နင် ရှိခဲ့တဲ့နေရာမှာ နေကြာပန်းတွေ တစ်ခင်းလုံး ဖူးပွင့်နေလိုက်တာ။ နေရောင်အောက်မှာ ရွှေရောင်တစ်လက်လက်နဲ့ သူတို့ လန်းဆန်းဝေဖြာနေလိုက်တာ။ ဟိုးအရင်တုန်းက နင့်အတိုင်းပဲ သူတို့ ပြုံးနေလိုက်တာ။

နင် မှန်ပါတယ်. . . ဘဝရဲ့အတောမသတ်ခြင်းက အချိန်အတွက် အကောင်းဆုံးဖြေရှင်းချက်ပေါ့။ အချိန်ကို ပြောင်းလဲနိုင်သည်ဖြစ်စေ၊ မပြောင်းလဲနိုင်သည်ဖြစ်စေ ရှင်သန်နေချိန်မှာ အချိန်ကို တစ်စက္ကန့်၊ တစ်မိနစ် ဖမ်းဆုပ်ပြီး ဘဝအတွက်၊ တောက်ပမှုအတွက် အချိန်နဲ့အမျှ အဓိပ္ပာယ်ရှိတဲ့ အလုပ်တွေ လုပ်ဆောင်နေဖို့ပါပဲ။

နှစ်ပေါင်းများစွာကြာလို့ ငါ အောင်မြင်ထင်ရှားသွားတဲ့အခါ နင့်ကို ငါ ကျေးဇူးတင်သတိရနေမှာပါ။

နင်ဟာ နေကြာပန်းလေးတစ်ပွင့်ဆိုပေမယ့် ငါ့ကို နင်လို ပြုံးနေတတ်အောင် နင် သင်ပေးခဲ့လို့ပါပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုယ် နှစ်သက်သူကိုပဲ ကြင်နာတတ်တယ်တဲ့လား

ကျွန်မဖေဖေက အရမ်းကြင်နာတတ်တဲ့ လူတစ်ယောက်ပေါ့။

သူဟာ လေလွင့်ခွေးတွေကို မကြာခဏ ကောက်ယူကျွေးမွေးစောင့်ရှောက်လေ့ရှိတယ်။ ဆောင်းရာသီမှာ ခွေးတွေ ချမ်းမှာစိုးလို့ဆိုပြီး ညနက်သန်းခေါင်ထထပြီး ခွေးတွေကို စောင်ခြုံပေးတတ်တယ်။ တစ်ခါက အပြင်မှာ ဖေဖေ နေ့စဉ်ရက်ဆက် အလေလိုက်နေတုန်း မေမေက ခွေးတစ်ကောင် ထွက်ပြေးသွားလို့ ကားတိုက်မိတဲ့အကြောင်း၊ အဲဒီခွေးကို တိရစ္ဆာန်ဆေးရုံပို့ထားကြောင်း သူ့ဆီ ဖုန်းဆက်ပြောတယ်။

ဖေဖေ အရမ်းစိုးရိမ်ပြီး ဆေးရုံကို အပြေးလိုက်သွားတယ်။ ခွေးလေး ခွဲစိတ်ရတာကိုကြည့်ပြီး ဖေဖေ ရင်နာမျက်ရည်ကျခဲ့တယ်။ အိမ်ပြန်ရောက်တော့ ဖေဖေဟာ ခွေးကို ဂရုမစိုက်ရကောင်းလားဆိုပြီး မေမေ့ကို ဆူပူကြိမ်းမောင်းတယ်။ ဖေဖေနဲ့မေမေ ရန်ဖြစ်ကြတယ်။ မေမေ့ကို သူ တွန်းပစ်တယ်။ ခုတင်စောင်းနဲ့ တိုက်မိပြီး မေမေ ခါးနာသွားတယ်။ မေမေ ဆေးရုံတက်ရတယ်။ ဖေဖေ တစ်ခါမှ သွားမကြည့်ခဲ့ဘူး။

ဖေဖေဟာ မိသားစုတွေကို အဖော်ပြုဖို့ အချိန်မရှိဘူး။ လောင်းကစားဝိုင်းတကာ ပတ်နေလို့ နှစ်သစ်ကူးချိန်တောင် အိမ်မပြန်တတ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မကို မေမေ မွေးတုန်းက မွေးရခက်လို့ သွေးလွန်ခဲ့တယ်။ အသက်အန္တရာယ်စိုးရိမ်ကြောင်း အကြောင်းကြားစာ သုံးကြိမ်ပို့ခဲ့တာတောင် ဖေဖေဟာ ဖဲဝိုင်းက မထခဲ့ဘူး။

ကျွန်မကိုမွေးပြီး နှစ်ရက်အကြာမှ ဆေးရုံကို ဖေဖေ ရောက်လာခဲ့တယ်။

ဖေဖေဟာ တိရစ္ဆာန်တွေအပေါ် မှာတော့ ကြင်နာလိုက်တာ။ မိသားစုအပေါ် မှာတော့ အေးစက်လိုက်တာ။

အဲဒီတုန်းက ကျွန်မ ဆယ်နှစ်ကျော်အရွယ်ပေါ့။ ကြင်နာခြင်းဆိုတာ ဘာလဲဆိုတာကို ဘဝမှာ ကျွန်မ ပထမဦးဆုံးအကြိမ် လေးလေးနက်နက် တွေးတောခဲ့မိတယ်။

မိတ်ဆွေတစ်ဦး ပြောပြတဲ့အဖြစ်ကို နားထောင်ပြီး ကျွန်မ သက်ပြင်း မောချခဲ့မိတယ်။

မိတ်ဆွေရဲ့ဖေဖေက တကယ့်နာမည်ရတဲ့ လူကောင်းတစ်ယောက်ပါ။ တချို့လူကောင်းက မိတ်ဆွေအပေါင်းအသင်းကိုသာ ကူညီတတ်ပေမယ့် သူ့ဖေဖေကတော့ သူ မသိတဲ့ သူစိမ်းတွေကိုလည်း ကူညီတတ်ခဲ့တယ်။

တစ်ခါက သူ့ဖေဖေနဲ့ သိတာမကြာသေးတဲ့ မိတ်ဆွေတချို့ အရက်အတူသောက်ကြတယ်။ အရက်သောက်ပြီး သူတို့ထဲက မိတ်ဆွေတစ်ဦးရဲ့ ကားနဲ့ အိမ်ပြန်ခဲ့ကြတယ်။ အဲဒီမှာ အရက်သောက်ပြီး ကားမောင်းတော့ လူတိုက်မိတယ်။ ကားမောင်းတဲ့မိတ်ဆွေက သူ့ဖေဖေကို အပြစ်ဝင်ခံပေးဖို့ ပြောတယ်။ နောက်လမှာ သူ မင်္ဂလာဆောင်မယ့်အကြောင်း၊ ဒီအဖြစ်ကို သတိုးသမီးလောင်း သိလို့မဖြစ်ကြောင်း၊ သူဟာ အိမ်ထောင်ပြုတဲ့အရွယ် ကျော်လွန်နေပြီဖြစ်တာကြောင့် ဒီတစ်ခေါက်သာ မင်္ဂလာမဆောင်ရရင် သူ့မေမေ နှလုံးရောဂါထပြီး သေနိုင်ကြောင်း၊ သူ့မှာ အဆက်အသွယ်ကောင်းရှိလို့ ထောင်နှစ်ရှည်မကျအောင် လုပ်ပေးနိုင်ကြောင်းတွေ ပြောတယ်။

မိတ်ဆွေရဲ့ဖေဖေကို ကူညီဖို့ ဒူးထောက်တောင်းပန်တယ်။ ဘယ်လောက်ပဲ ကြင်နာတတ်တဲ့ သာမန်လူဖြစ်ဖြစ် အပြစ်ကူခံပေးတယ်ဆိုတာ မရှိလောက်ပါဘူး။ ဒါပေမဲ့ သူ့ဖေဖေက သာမန်လူမဟုတ်ခဲ့ဘူး။ အပြစ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

သူ ခံပေးမယ်လို့ သဘောတူလိုက်ပါတယ်။

တစ်အိမ်သားလုံး ဝိုင်းတားပေမယ့် သူ့ဖေဖေ နားမထောင်ခဲ့ပါဘူး။ အရက်မူးကားမောင်းတဲ့လူက တကယ်ကတိတည်ခဲ့ပါတယ်။ အဆက်အသွယ်ကောင်းနဲ့ ဖြေရှင်းလိုက်တာ သူ့ဖေဖေ ထောင်တစ်နှစ်ပဲ ကျခဲ့တယ်။ အမှုစစ်တဲ့ရက်တွေနဲ့တွက်လိုက်တော့ သူ့ဖေဖေ ထောင်ထဲ မဝင်ခဲ့ရပါဘူး။

ဒါပေမဲ့ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး သူတို့မိသားတစ်စုလုံး ပြိုလဲခဲ့ရတယ်။ သူ့အဘိုး သွေးတိုးပြီး ဆုံးသွားတယ်။ သူ့အဘွား အိပ်ရာထက်မှာ ၂ လတိတိ လဲခဲ့တယ်။ လူလည်း ကယောင်ချောက်ချားဖြစ်လို့။ သူ့မေမေက ရင်နာနာနဲ့ သူ့ဖေဖေကို ကွာရှင်းလိုက်တယ်။ ဒီလိုအဖြစ်ဆိုးရဲ့ရလဒ်က သူ့ဖေဖေ ကြင်နာတတ်လို့လား၊ တုံးအလို့လား။

တစ်ခါက သူငယ်ချင်းတစ်ယောက်အိမ်ကို ကျွန်မ သွားလည်တယ်။ သူငယ်ချင်းရဲ့မေမေက အရမ်းဖော်ရွေပါတယ်။ ကျွန်မကို သူတို့ ထမင်းကျွေးတယ်။ ကျွန်မတို့ ထမင်းစားနေတုန်း သူငယ်ချင်းရဲ့ညီမ အိမ်ပြန်လာတယ်။ သမီးငယ် ပြန်လာတာကို မြင်တော့ အမေဖြစ်သူက မီးဖိုထဲ အမြန်ဝင်ပြီး သမီးငယ်အတွက် ဟင်းရည်ပူပူတစ်ခွက် ယူလာပေးတယ်။ သမီးငယ်ကို အမြန်သောက်ဖို့ ပြောတယ်။ သမီးငယ်က မသောက်ဘူး၊ အိပ်ချင်ပြီလို့ ငြင်းတယ်။ မေမေက သမီးငယ် မောပန်းလာတာကိုကြည့်ပြီး ရင်နာတယ်။ ဒါကြောင့် ဟင်းရည်ပူပူတစ်ခွက် သောက်ပြီးမှ အိပ်ဖို့ ပြောတယ်။

အဲဒီမှာပဲ သမီးငယ် ဒေါသထွက်တော့တယ်။ သူ့အမေကို ရှုပ်လိုက်တာ၊ ပစိပစပ်များလိုက်တာ၊ မသောက်ပါဘူးဆို အမေ နားကန်းနေလား၊ သမီး အလုပ်အရမ်းများတာ အမေ မသိဘူးလား။ သမီး အလုပ်ကြီးအကိုင်ကြီးလုပ်နေတာကို အမေ မသိဘူးလားလို့ အော်ငေါက်တော့တယ်။ သူတို့မေမေ ဘာစကားတစ်ခွန်းမှ ပြန်မပြောရဲခဲ့ဘူး။ စိတ်မကောင်းတဲ့မျက်နှာနဲ့ မီးဖိုထဲ ဝင်သွားတယ်။

အဲဒီကိစ္စပြီးပြီးတဲ့နောက် သူငယ်ချင်းကို ကျွန်မ မေးကြည့်တယ်။ သူ့ညီမ ဘာအလုပ်ကြီး အကိုင်ကြီး လုပ်နေသလဲ၊ ကမ္ဘာမြေကို ကယ်တင်ဖို့လားပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်ပဲ သူညီမက ကမ္ဘာမြေကို ကယ်တင်နေတာပါတဲ့။ သူညီမက တက္ကသိုလ်တက်နေတုန်းပဲ။ ပရဟိတအဖွဲ့အစည်းတစ်ခုမှာ ပါဝင်နေတာတဲ့။ "ကမ္ဘာမြေကို ချစ်တယ်"၊ "သူစိမ်းတွေကို နွေးထွေးမှု ပေးမယ်"၊ "လူလူချင်း မေတ္တာထားတယ်" ဆိုတဲ့ စီမံလှုပ်ရှားမှုတွေအတွက် နေ့တိုင်း အလုပ်များနေတာတဲ့။

ဒီတလော သူညီမက သူအမေ သိမ်းထားတဲ့ပိုက်ဆံတချို့ကို သူအမေ မသိအောင်ယူပြီး လိပ်နှစ်ကောင် ဝယ်လွှတ်တယ်တဲ့။ အဲဒီပိုက်ဆံတွေက အိမ်အတွက် အသုံးစရိတ် ကာမိအောင် သူမေမေက အားလပ်ချိန်မှာ တိတ်တိတ်လေး အလုပ်ခိုးလုပ်ပြီး စုထားတဲ့ပိုက်ဆံတွေလို့ ဆိုတယ်။

ကြင်နာတတ်တာကို ကျွန်မ တစ်ခါမှ မဆန့်ကျင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့အကြင်နာ ဖြစ်တည်ဖို့အတွက် မိသားစု စိတ်ဆင်းရဲအောင်၊ စိတ်မချမ်းသာအောင် လုပ်တာကိုတော့ ကျွန်မ ဆန့်ကျင်ပါတယ်။ တကယ်လို့ သင့်ရဲ့ကြင်နာခြင်းက မိသားစုကို ထိခိုက်နာကျင်စေခဲ့ပြီဆိုရင် ကျွန်မ တဲ့တိုးပဲ ပြောပါရစေ. . . သင်ဟာ လူအမိုက်ပါပဲလို့။

ကြီးမားတဲ့ချစ်ခြင်းမေတ္တာ ကြင်နာခြင်းတွေ ပိုင်ဆိုင်တဲ့လူတွေပဲ ကြည်ကြည်နူးနူး ကြင်နာနိုင်ကြပါစေ။ ကျွန်မကတော့ ကိုယ့်မိသားစုကိုပဲ အရင်ဆုံး ပိုဂရုစိုက်ချင်ပါတယ်။ အောင်မြင်မှုဆိုတာ ကိုယ့်နံဘေးက လူတွေကို ပျော်ရွှင်စေတာပဲ ဖြစ်တယ်လို့ ကျွန်မ မကြာခဏ ပြောခဲ့ဖူးပါတယ်။ ဒါကို အရင်ဆုံးလုပ်နိုင်မှ ကျန်တဲ့ခွန်အားနဲ့ ကိုယ် မသိတဲ့လူတွေကို ပျော်ရွှင်စေနိုင်မှာ ဖြစ်တယ်။

ကျွန်မရဲ့စိတ်ကူးအိပ်မက်က ပိုက်ဆံတွေ အများကြီးရှာဖို့ဖြစ်တယ်လို့ ကျွန်မ ပြောဖူးတယ်။ ပြီးရင် နေ့တိုင်း မေမေ့ဆီ ပိုက်ဆံလွှဲမယ်။ မေမေနဲ့အတူ ကျွန်မ ရှော့ပင်းမသွားချင်ခဲ့ဘူး။ အဝတ်အစားဝယ်မယ်လုပ်တိုင်း မေမေက ဈေးနှုန်းကို အရင်ကြည့်ပြီး အဲဒီအင်္ကျီကို သူ မကြိုက်ကြောင်း ပြောတတ်တယ်။ ကျွန်မကို မဝယ်ဖို့ ဆွဲတတ်တယ်။ မေမေ ပစ္စည်းဝယ်တဲ့အခါ ဈေးနှုန်းကို အရင်မကြည့်တဲ့ဘဝမျိုး ကျွန်မ ဖြစ်စေချင်တယ်။

တကယ်လို့ ဒါဟာ ကျွန်မရဲ့ သေးသိမ်တဲ့အတွေး၊ ဒါဟာ တစ်ကိုယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းဆန့်တယ်လို့ သင် ထင်ခဲ့ရင်. . . ဟုတ်ကဲ့ သင် မှန်ပါတယ်။

ဆောရီးပါ. . . ကျွန်မ နှစ်သက်သူ၊ ကျွန်မကို နှစ်သက်သူအပေါ် မှာပဲ ကျွန်မ ကြင်နာတတ်လို့ပါ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# နို့မှုန့်ထုပ်လေးတစ်ထုပ်

အဲဒီနှစ်ဆောင်းတွင်းမှာ ဦးလေးမိုးနဲ့အတူ မြို့ပေါ်က စူပါမားကက် တစ်ခုမှာ ကျွန်တော် လုံခြုံရေးဝန်ထမ်းအလုပ် သွားလျှောက်ခဲ့တယ်။ ဦးလေး မိုးက အဲဒီစူပါမားကက်မှာ လုံခြုံရေးဝန်ထမ်း လုပ်နေတာ ၁၀နှစ်ကျော် ရှိခဲ့ပါပြီ။ သူဌေးက ကြည့်ရတာ သဘောကောင်းမယ့်ပုံပါပဲ။ ကျွန်တော့်ကို ချက်ချင်းအလုပ်ခန့်လိုက်တယ်။ ကျွန်တော်ကလည်း ဒီအလုပ်ကို တာဝန် ကျေကျေ ထမ်းရွက်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

စူပါမားကက်မှာ အလုပ်လုပ်တာ တစ်လမပြည့်ခင်မှာပဲ ပစ္စည်းခိုး တဲ့ သူခိုးသုံးယောက်ကို ကျွန်တော် ဖမ်းမိခဲ့တယ်။ ပစ္စည်းခိုးတဲ့သူတွေကို ဖမ်းမိတဲ့အခါတိုင်း သူဌေးက ကျွန်တော့်ကို ချီးမြှောက်ပြီး ဆုကြေးငွေ ပေး တတ်ခဲ့ပါတယ်။

အဲဒီနေ့က ခါတိုင်းလိုပဲ အရပ်ဝတ်အရပ်စားနဲ့ စူပါမားကက်ထဲ ကျွန်တော် လှည့်လည်နေခဲ့ပါတယ်။ ရုတ်တရက် နို့မှုန့်ရောင်းတဲ့ စင်ရှေ့ အရောက်မှာ နို့မှုန့်ရွေးနေတဲ့ အမျိုးသမီးတစ်ဦးကို ကျွန်တော် သတိထား မိလိုက်တယ်။ တစ်လတာ လေ့ကျင့်ခဲ့တဲ့ မျက်စိအလျင်က ဒီအမျိုးသမီး မသင်္ကာဘူးဆိုတာကို ကျွန်တော် ချက်ချင်းသိလိုက်တယ်။ ဒါကြောင့် တစ်နေ

mgyoe.com

mgyoe.com SAMPLE BOOK

ရာမှာ ပုန်းအောင်းပြီး သူ့လှုပ်ရှားမှုကို ကျွန်တော် စောင့်ကြည့်နေခဲ့တယ်။ အမျိုးသမီးက ခေါင်းကို ငုံ့ထားတယ်။ လက်ထဲမှာလည်း နို့မှုန့်တစ်ထုပ်ကို ကိုင်ထားတယ်။ တွေဝေတဲ့ အကြည့်နဲ့ အရပ်ရှစ်မျက်နှာကို တိတ်တခိုး သူ ကြည့်နေတယ်။ တအောင့်နေတော့ ဆုံးဖြတ်ချက်တစ်ခုကို သူ ချလိုက်တယ်။ နို့မှုန့်ကို သူ့အင်္ကျီထဲ အမြန်ထိုးထည့်ပြီး နေရာက သူ ထွက်သွားတယ်။

မိနစ်အနည်းငယ်အကြာမှာ အမျိုးသမီးဟာ ငွေရှင်းဖို့ တန်းစီပါတော့တယ်။ သူ့လက်ထဲမှာက ဆန်အိတ်သေးလေးတစ်အိတ်ပဲ ကိုင်ထားတယ်။ သူ့အလှည့်အရောက်မှာ ကျွန်တော့်ရင်ဟာ ဘာကြောင့်မှန်းမသိ အဆမတန် ခုန်လာခဲ့တယ်။ အဲဒီမြင်ကွင်းမျိုးကို ကျွန်တော် မကြည့်ချင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ဖြစ်ပျက်သွားခဲ့ပါပြီ။ အမျိုးသမီးဟာ သူ့အင်္ကျီထဲ ထည့်ထားတဲ့ နို့မှုန့်ထုပ်ကို မထုတ်ခဲ့ပါဘူး။ ဈေးအသက်သာဆုံးဆန်တစ်အိတ်ကိုပဲ သူ ဝယ်ခဲ့ပါတယ်။

ငွေရှင်းပြေစာနဲ့ ဆန်အိတ်ထုပ်ကိုယူပြီး ဆိုင်အပြင်ဖက် သူ ထွက်ခါနီးမှာ ဘာလုပ်လို့လုပ်ရမှန်း ကျွန်တော် မသိခဲ့ပါဘူး။ အမျိုးသမီးဆီ ကျွန်တော် တဟုန်ထိုးသွားပြီး. . . "ခင်ဗျား. . . "လို့ အော်လိုက်ပါတယ်။

အမျိုးသမီးဟာ ကျွန်တော့်ကို သူ့လက်ထဲ ဆုပ်ကိုင်ထားတဲ့ ပြေစာစာရွက်ကမ်းပေးပါတယ်။ သူ့မျက်နှာပေါ်မှာ ကြောက်ရွံ့ထိတ်လန့်မှုတွေ ထင်ဟပ်နေပါတယ်။ ကျွန်တော် ဘာမှထပ်မပြောတော့ဘဲ ပြေစာစာရွက်ကို ဝန်ကျေတန်းကျေကြည့်ပြီး သူ့ကို ပြန်ပေးလိုက်ပါတယ်။

အမျိုးသမီးဟာ စူပါးမားကက်တံခါးဝရှေ့ကနေ ချက်ချင်းပျောက်သွားပါတယ်။ မိနစ်အနည်းငယ်ကြာ ကျွန်တော် တွေဝေနေခဲ့ပြီးမှ ဦးလေးမိုးကို ကျွန်တော် အပြင်ခဏထွက်မယ့်အကြောင်း လက်ဟန်ပြလိုက်တယ်။ အဲဒီနောက် အမျိုးသမီးနောက် ကျွန်တော် အပြေးလိုက်သွားခဲ့ပါတယ်။ အမျိုးသမီးဟာ နောက်ကိုလှည့်မကြည့်ဘဲ ခြေလမ်းကို သွက်သွက်လှမ်းနိုင်သမျှ လှမ်းနေပါတယ်။ ခပ်ဝေးဝေးတစ်နေရာကနေ အမျိုးသမီးကို ကျွန်တော် မျက်ခြည်မပြတ် လိုက်နေခဲ့ပါတယ်။ စုတ်ပြတ်ဟောင်းအိုတဲ့ လမ်းကျဉ်းလေးတစ်ခုထဲ သူ ဝင်သွားခဲ့တယ်။ လမ်းကျဉ်းအရောက်မှာ သူ့ခြေလှမ်းတွေ ပို

mgyoe.com

mgyoe.com SAMPLE BOOK

သွက်လာခဲ့တယ်။ ရုတ်တရက် အသံတစ်ခုခုကို သူ ကြားလိုက်ပုံ ရပါတယ်။ သွက်သွက်လှမ်းနေတဲ့ သူ့ခြေလှမ်းတွေဟာ အဲဒီအသံကြောင့် အပြေးတစ်ပိုင်း ဖြစ်သွားပြီး တဲငယ်လေးတစ်ခုထဲ သူ ဝင်ရောက်သွားခဲ့ပါတယ်။

တဲအိမ်ငယ်ဆီ ကျွန်တော် ချဉ်းကပ်လိုက်ချိန် ကလေးတစ်ယောက်ရဲ့ငိုသံက တဲအိမ်အပြင်ဖက် လျှံထွက်လာခဲ့တယ်။ ကလေးငိုသံရဲ့ နောက်ဆက်တွဲမှာ အမျိုးသမီးရဲ့အသံ ကပ်ပါလာပါတယ်။

"မေမေပြန်လာပြီ သားရေ. . . မငိုနဲ့တော့နော်. . . သား လိမ်မာပါတယ်၊ လာလာ. . . မေမေ နို့မှုန့်ဝယ်ခဲ့တယ်"

အမျိုးသမီးဟာ ကလေးကို ချော့ရင်း စကားသံတွေ တိမ်ဝင်သွားခဲ့တယ်။

တဲရှေ့တံခါးဝနား ကျွန်တော် သွားပြီး အထဲကို ငုံ့ကြည့်လိုက်ပါတယ်။ အမျိုးသမီးဟာ ခုတင်ပေါ် ထိုင်ပြီး ကလေးငယ်ကို ပွေ့ချီချော့နေပါတယ်။ သူတို့ဘေးမှာက ဝယ်လာတဲ့ ဆန်အိတ်နဲ့ ခိုးလာတဲ့နို့မှုန့်ကို ချထားပါတယ်။ မျက်စိရှေ့မြင်ရတဲ့မြင်ကွင်းကြောင့် နေရာကနေ ကျွန်တော် ချက်ချင်း လှည့်ထွက်လာခဲ့လိုက်တယ်။ အမျိုးသမီးဟာ ကျွန်တော် တွေးထင်ထားတာထက်တောင် သနားဖို့ ကောင်းနေပါတယ်။ ဒါပေမဲ့ တာဝန်ဟာတာဝန်ပဲမို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲ အနေရကျပ်ခဲ့တယ်။ နောက်တစ်ခါ သူ လာမခိုးဖို့ကို ကျွန်တော် မျှော်လင့်ခဲ့ပါတယ်။

တစ်ပတ်အကြာမှာ အမျိုးသမီးကို စူပါမားကက်မှာ ကျွန်တော် တွေ့လိုက်ပြန်တယ်။ အရင်တစ်ခေါက်ခိုးသွားတဲ့ နို့မှုန့်ကုန်လောက်ရောပေါ့လို့ ကျွန်တော် တွေးလိုက်မိတယ်။ စူပါမားကက်ထဲ သူ တစ်ပတ်ပတ်ပြီးနောက် နို့မှုန့်စင်ရှေ့ သူ ရောက်လာခဲ့တယ်။ စင်ရှေ့မှာရပ်ပြီး နို့မှုန့်ထုပ်လေး တစ်ထုပ်ကို သူ ယူလိုက်တယ်။ အဲဒီနို့မှုန့်က ဈေးအသက်သာဆုံး အမျိုးအစားထဲကပါ။ သူဟာ ရွေးပြီး ခိုးတယ်ဆိုတာ ကြည့်ရုံနဲ့ သိနိုင်ပါတယ်။ စင်နံရံပေါ် ရေးကပ်ထားတဲ့ "ပစ္စည်းခိုးလျှင် ခိုးသည့်ပစ္စည်း၏တန်ဖိုးငွေ ဆယ်ဆ ပေးလျော်ရမည်" ဆိုတဲ့ သတိပေးစာကို သူလည်း သတိထားမိပုံ ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ရှေ့အပေါက်ဝမှာ ကျွန်တော် သွားရပ်နေလိုက်တယ်။ ဒီတစ်ကြိမ်မှာတော့ အမျိုးသမီးဟာ ဘာမှမဝယ်ဘဲ ဆိုင်ပေါက်ဝကိုပဲ တန်းသွားလိုက်တယ်။ ကျွန်တော် ဘာလုပ်ရမယ်မှန်း ဆုံးဖြတ်ချက် မချနိုင်ဖြစ်ခဲ့ပြီး အမျိုးသမီး ထွက်သွားရာနောက်ကိုပဲ တွေဝေငေးမောကြည့်နေခဲ့မိတယ်။ ကိုယ့်ရဲ့တာဝန် မကျေပွန်မှုအတွက် ကိုယ့်ကိုယ်ကိုယ် ရင်ထဲမှာပဲ ကျွန်တော် နှစ်သိမ့်နေလိုက်မိတယ်။

"ကလေး နို့သောက်ရမယ်၊ ကလေး နို့ဆာလို့မဖြစ်ဘူး။ သူ့မှာ ပိုက်ဆံမရှိလို့ သူ ခိုးတာ။ ငါ ဘာလုပ်နိုင်မလဲ။ တာဝန်အရလုပ်ရင် ကလေး နို့ငတ်သွားမှာ"

စူပါမားကက်ကို သုံးကြိမ်မြောက် သူ ရောက်လာတဲ့အချိန် သူ့ကို ကျွန်တော် စောင့်ကြည့်မနေခဲ့တော့ပါဘူး။ ဒါပေမဲ့ တအောင့်အကြာမှာ ဦးလေးမိုးက ကျွန်တော့်နား တိတ်တဆိတ်ကပ်လာပြီး လေသံတိုးတိုးနဲ့ "အဲဒီအမျိုးသမီးကို စောင့်ကြည့်ထား. . . သူ့အင်္ကျီထဲမှာ နို့မှုန့်တစ်ထုပ် ရှိတယ်"လို့ ဆိုလာပါတယ်။

အဲဒီတခဏ ကျွန်တော် ခေါင်းနပန်းကြီးသွားပါတယ်။ ဦးလေးမိုးက ဆက်ပြီး "သေချာစိုက်ကြည့်နေ။ သူ ငွေရှင်းကောင်တာ ဖြတ်ပြီးတာနဲ့ သူ့ကို တားပြီး အထဲခေါ်စစ်လိုက်"လို့ ဆိုတယ်။

ကျွန်တော် စဉ်းစားလိုက်ပြီး ဦးလေးမိုးကို ထောင့်တစ်နေရာဆီ လက်ဆွဲခေါ်သွားပြီး အသံနိမ့်နဲ့ ပြောလိုက်တယ်။

"ဒီအမျိုးသမီးကို ကျွန်တော် တွေ့ဖူးတယ်။ အရင်တုန်းကလည်း သူ ခိုးဖူး. . ."

"မင်းရူးနေလား။ မင်းက လုံခြုံရေးဝန်ထမ်းလေ. . . ဘာဖြစ်လို့ သူ့ကို လွှတ်လိုက်ရတာလဲ"

ဦးလေးမိုးက အသံကို နှိမ့်နိုင်သမျှ နှိမ့်ပြီး ပြောတယ်။

"သူ အရမ်းသနားဖို့ကောင်းတယ်။ ကျွန်တော် မလုပ်ရက်ဘူး"

"လူများကို မင်း သနားတယ်။ မင်းကိုရော ဘယ်သူလာသနားမှာလဲ။ မင်းသာ ဒီမှာ အလုပ်မရရင် မင်းမိဘကို ဘယ်သူ လာကျွေးမှာလဲ"

mgyoe.com

 SAMPLE BOOK 

ကျွန်တော့်စိတ်ထဲ ရှုပ်ထွေးနေပါတယ်။ ပါးစပ်ကလည်း ဘာစကား လုံးမှ ထွက်ကျမလာခဲ့တော့ပါဘူး။

"တော်သေးတယ်. . . ဒီကိစ္စကို ငါပဲသိသေးလို့၊ သူဌေးသာ သိသွား ရင် ငါလည်း အလုပ်ပြုတ်မလားပဲ"

ဦးလေးမိုးက သက်ပြင်းချလိုက်ပြန်တယ်။

"အဲဒီအမျိုးသမီးကို ဂရုမစိုက်ဘဲ ထားလိုက်ပါလား။ နို့မှုန့်ကလည်း ဈေးကြီးတဲ့ နို့မှုန့်မဟုတ်ပါဘူး"

အမျိုးသမီးအစား ကျွန်တော် ခယလိုက်မိတယ်။

"အဲဒီလိုတော့ မရဘူး။ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ခိုးလို့တော့ မရဘူးကွ။ ငါတို့က လုံခြုံရေးဝန်ထမ်းလေ ကိုယ့်တာဝန်ကိုယ်ကျေရမယ်။ ဒီတာဝန်အတွက် သူဌေးက ငါတို့ကို လခပေးထားတယ်"

ဦးလေးမိုးက ကျွန်တော့်ပခုံးကို ပုတ်ပြီး ပြောတယ်။

၁၀ မိနစ်အကြာမှာ ငွေရှင်းဖို့ အမျိုးသမီး တန်းစီပါတော့တယ်။ ဒီတစ်ကြိမ်မှာတော့ နို့မှုန့်ကို သူ့လက်ထဲ ကိုင်ထားပါတယ်။ အဲဒီတခဏ ကျွန်တော့်စိတ် သက်သာရာရသွားသလိုပါပဲ။ ဦးလေးမိုးက ကျွန်တော့်ကို ပြုံးပြပြီး-

"သူ့ကို ငါ သွားပြောလိုက်တယ်။ ငွေရှင်းပါလို့. . . "

အမျိုးသမီးဟာ နို့မှုန့်ဖိုးအတွက် ကိုယ်ပေါ်က ရှိရှိသမျှ အိတ်ကပ် တွေကို လှန်ရှာခဲ့ပါတယ်။ ထွက်သွားတဲ့ အမျိုးသမီးကို လှမ်းကြည့်ရင်း ဦးလေးမိုး သက်ပြင်းတစ်ချက် ချလိုက်ပြန်တယ်။

"ဟင်း. . . ဒီအမျိုးသမီး သိပ်သနားဖို့ကောင်းတာပဲ။ ဆန်ဝယ်ဖို့ ယူလာတဲ့ပိုက်ဆံတွေ အခု မလောက်တော့လို့ နို့မှုန့်ပဲဝယ်ပြီး ပြန်သွားခဲ့ပြီ"

"ဦးလေးမိုး သူ့ကို အသိပေးလိုက်သလိုဖြစ်သွားပါပြီ။ နောက်တစ်ခါ သူ လာမခိုးရဲတော့ပါဘူး။ နို့မှုန့်ဝယ်ဖို့ ပိုက်ဆံမရှိတော့ ကလေး ဘယ်လို လုပ်မလဲ"

"မသိဘူး"

ဦးလေးမိုး တစ်ချက်တွေဝေသွားရာကနေ ခေါင်းခါပြီး ပြန်ဖြေတယ်။

mgyoe.com SAMPLE BOOK

တစ်ပတ်ကြာသွားတဲ့အထိ အဲဒီအမျိုးသမီးကို ကျွန်တော် မတွေ့ခဲ့တော့ပါဘူး။ ကျွန်တော် စိတ်မချမ်းသာခဲ့လို့ နောက်ဆုံးမှာ အလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော် ရုတ်တရက်အလုပ်ထွက်မယ်ဆိုတော့ သူဌေး အံ့သြသွားပါတယ်။ ကျွန်တော့်တာဝန်မကျေပွန်လို့ အလုပ်ထွက်မယ့်အကြောင်း သူဌေးကို အကြောင်းစုံရှင်းပြလိုက်မိပါတယ်။ ပြီးတော့ အဲဒီအမျိုးသမီးရဲ့အိမ်အခြေအနေကိုပါ ပြောပြလိုက်ပါတယ်။ ဒီလို သူခိုးမျိုးကို ဖမ်းရမယ်ဆိုရင် ကျွန်တော် မလုပ်နိုင်တဲ့အကြောင်း၊ ဒါကြောင့် ကျွန်တော်အလုပ်ထွက်မယ့်အကြောင်း သူဌေးကို ကျွန်တော် ပြောပြလိုက်ပါတယ်။ အမျိုးသမီးခိုးခဲ့တဲ့နို့မှုန့်နှစ်ထုပ်ကို ကျွန်တော်လခထဲကဖြတ်ဖို့ ပြီးတော့ သူဌေးပေးတဲ့အပြစ်ကို ကျွန်တော်ခံယူမယ့်အကြောင်းလည်း ပြောဖြစ်ခဲ့ပါတယ်။

ကျွန်တော် ပြောတဲ့ အကြောင်းအရာအားလုံးကို သူဌေးက သေချာဂရုတစိုက်နားထောင်ပြီး မျက်နှာပေါ်မှာလည်း အပြုံးတွေထင်ဟပ်နေခဲ့ပါတယ်။ အပြစ်ပေးတဲ့အကြောင်းကို သူဌေးက မပြောဘဲ ကျွန်တော့်ကို "မင်းအလုပ်လုပ်စရာရှိတာသွားလုပ်။ နောက်တစ်ခါ အဲဒီအမျိုးသမီးကိုတွေ့ရင် ငါ့ဆီခေါ်လာခဲ့ သိလား" လို့ ပြောပါတယ်။

ရက်အနည်းငယ်အကြာမှာ စိုးထိတ်ကြောက်လန့်နေတဲ့အမျိုးသမီးကို သူဌေးရဲ့ရုံးခန်းဆီ ကျွန်တော် ခေါ်သွားလိုက်ပါတယ်။ သူ့ကို ကျွန်တော် ခေါ်သွားချိန်မှာ သူ့အင်္ကျီအောက်မှာ နို့မှုန့်ကို ဖွက်မထားခဲ့ပါဘူး။

နောက်တစ်နေ့မှာ ကျွန်တော်တို့စူပါမားကက်မှာ သန့်ရှင်းရေးဝန်ထမ်းအသစ်တစ်ဦး တိုးလာခဲ့ပါတယ်။ သူဟာ တခြားဝန်ထမ်းတွေမရတဲ့ အခွင့်ထူးတစ်ရပ်ရခဲ့ပါတယ်။ အဲဒါကတော့ ကလေးကို ကျောပိုးပြီး အလုပ်လုပ်ခွင့်ရှိတာပါပဲ။

အဖြစ်အပျက်တွေကို ပြန်တွေးကြည့်ရင်း ကျွန်တော့်ရင်ထဲ အမျိုးအမည်မသိတဲ့ ခံစားမှုတစ်ခု ရုတ်တရက် လှိုင်းထလာခဲ့ပါတော့တယ်။

မူရင်းရေးသားသူ - **Zhang Xiao Xin**

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## မနာလိုမှုက ဖြစ်တည်တဲ့ နာကျင်ကြေကွဲခြင်း

တစ်ခါက သူဌေးသူကြွယ်ကြီးတစ်ဦးဟာ အရွယ်နှောင်းမှ သားတစ်ယောက် ရလာခဲ့တယ်။ အဲဒီသားဟာ မငိုတတ်ဘဲ ရယ်ပဲရယ်တတ်ပါတယ်။ သူကြွယ်ကြီးက ဒီကလေးဟာ သာမန်ကလေးတွေလိုပဲ တခြား ဘာထူးခြားမှုမှမရှိဘူးဆိုတာကို သက်သေပြနိုင်အောင် နည်းမျိုးစုံသုံးပြီး သားကို ငိုအောင်လုပ်ဖို့ အကြံထုတ်နေခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဘုန်းကြီးတစ်ပါးက သူကြွယ်ကြီးရဲ့အိမ်ရှေ့ကနေ ဖြတ်ကြွသွားခဲ့ပါတယ်။ သူကြွယ်ကြီးက သားကို ပွေ့ချီပြီး ဘုန်းကြီးကို ပြလိုက်ပါတယ်။ ကလေးက သူစိမ်းမကြောက်သူမို့ ဘုန်းကြီးတွေ့တာနဲ့ ရယ်ပြနေပါတော့တယ်။ သူကြွယ်က ကလေးကို ခပ်နာနာတစ်ချက် ရိုက်လိုက်ပါတယ်။ ကလေးက မျက်ခုံးတစ်ချက်တွန့်ပြီး ငြိမ်သွားပေမယ့် မငိုခဲ့ပါဘူး။

"ဘုန်းဘုန်းဘုရား. . . ဒီကလေးမှာ ဉာဏ်ရည်ချွတ်ယွင်းတာမျိုး ရှိပါသလား"လို့ သူကြွယ်က ဘုန်းကြီးကို မေးမြန်းလျှောက်တင်တယ်။

ဘုန်းကြီးက ဘာမှမပြောဘဲ သစ်သီးခွက်ထဲက ငှက်ပျောသီးတစ်လုံးနဲ့ စပျစ်သီးတစ်ခိုင်ကို ယူလိုက်တယ်။ ပြီးတော့ ကလေးရှေ့မှာ ဝေ့ပြလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ကလေးက တစ်ချက်စဉ်းစားပြီး စပျစ်သီးကို လှမ်းယူတယ်။ ပြီးတော့ ရယ်နေပြန်ပါတယ်။

"ဒီကလေး ငှက်ပျောသီး လုံးလုံးမစားဘူး ဘုရား"လို့ သူကြွယ်က လျှောက်တင်တယ်။

ဘုန်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး "သူ လိုချင်တာကို သူ ယူတယ်၊ ဉာဏ်ရည်မချွတ်ယွင်းပါဘူး"လို့ ဖြေတယ်။

သူကြွယ်ဟာ သစ်သီးခွက်ထဲက ငှက်ပျောသီးကို လှမ်းယူလိုက်တယ်။ ဒါကို ကလေးက တွေ့တော့ တစ်ချက်တွေဝေသွားပေမယ့် စိတ်မကောင်းမဖြစ်ဘလို ငိုလည်း မငိုဘူး။

"ကြည့်စမ်း. . . ဆုံးရှုံးသွားပေမယ့် စိတ်မကောင်းမဖြစ်သလို ငိုလည်း မငိုဘူး။ ဒီကလေးက ဘုန်းကြီးဝင်စားတာလားမသိဘူး။ တပည့်တော်ရဲ့ အရိုက်အရာကို သူ အမွေဆက်ခံရပါမယ်။ သူ့ကို တပည့်တော် တော မထွက်စေချင်ပါဘူး။ ဘုန်းဘုန်း ကူညီပါ"

ဘုန်းကြီးက ခဏလောက်စဉ်းစားလိုက်ပြီး စားပွဲပေါ်က သစ်သီးခွက်ကိုယူလိုက်တယ်။ ပြီးတော့ သူကြွယ်ကို "လာ. . . ဘုန်းဘုန်း နောက်လိုက်ခဲ့"လို့ ဆိုတယ်။

သူကြွယ်ရဲ့ အိမ်ရှေ့တံခါးဝရောက်တော့ ကလေးသုံးယောက်က တံခါးဝရှေ့မှာ ဆော့ကစားနေကြတယ်။ ဘုန်းကြီးက ကလေးတွေကို ကြည့်လိုက်၊ သစ်သီးခွက်ကို ကြည့်လိုက်လုပ်တယ်။ သစ်သီးခွက်ထဲမှာ ငှက်ပျောသီးသုံးလုံးနဲ့ စပျစ်သီးတစ်ခိုင် ရှိနေတယ်။ ဘုန်းကြီးက ကလေးတွေကို ခေါ်ပြီး တစ်ယောက်ကို ငှက်ပျောသီးတစ်လုံး ပေးလိုက်တယ်။ ကလေးတွေက ဝမ်းသာအားရ ချက်ချင်း ခွာစားလိုက်ကြတယ်။

ဒီအချိန်မှာ သူကြွယ့်သားက လက်ဆန့်ပြီး ငှက်ပျောသီးကို လက်ညှိုးထိုးရင်း ထအော်တော့တယ်။ သူကြွယ်က စပျစ်သီးကို ယူပြီး "အဲတာက သား လုံးဝမကြိုက်တဲ့ ငှက်ပျောသီးလေ။ ဒါက သား အရမ်းကြိုက်တဲ့ စပျစ်သီးပါ" လို့ သားကို ချော့တယ်။

ကလေးက စပျစ်သီးကို ဖျတ်ခနဲယူပြီး စိတ်တိုတိုနဲ့ မြေကြီးမှာ

mgyoe.com

mgyoe.com SAMPLE BOOK

လွင့်ပစ်လိုက်တယ်။ ငှက်ပျောသီးကိုပဲ သူ လက်ဖြန့်တောင်းနေခဲ့ပါတယ်။ ကလေးသုံးယောက်က ငှက်ပျောသီးကို အမြန်စားလိုက်ကြတယ်။ ငှက်ပျောခွံကိုကြည့်ပြီး သူတို့ကျေနပ်အားရစွာနဲ့ သူကြွယ်သားကို ရယ်ပြလိုက်ကြတယ်။ အဲဒီမှာ သူကြွယ့်သားက ရုတ်တရက် ထအော်ငိုပါတော့တယ်။ သူကြွယ်ရော၊ အခိုင်းအစေတွေပါ လန့်ဖျပ်ကုန်ကြတယ်။

"ခါတိုင်း သူ ငှက်ပျောသီးလုံးဝမစားပါဘူး။ ဘာဖြစ်လို့ ဒီနေ့မှာ ငှက်ပျောသီးကြောင့် ငိုရတာပါလိမ့်" လို့ သူကြွယ်က ဝမ်းသာလှုပ်ရှားတဲ့စိတ်နဲ့ နားမလည်စွာ မေးတယ်။

"ဒီလောကမှာ လူတချို့ရဲ့ ဝမ်းနည်းကြေကွဲခြင်းဟာ ကိုယ် ဆုံးရှုံးသွားလို့ မဟုတ်ဘူး၊ တခြားသူ ရသွားလို့ ဖြစ်တယ်"လို့ ဘုန်းကြီးက ပြုံးပြုံးလေး ပြန်ဖြေလိုက်တယ်။

နာကျင်ကြေကွဲခြင်းတစ်မျိုးက မနာလိုမှုကနေ ဖြစ်လာတာဖြစ်တယ်။

မူရင်းရေးသားသူ-- Zhāng dé fēn

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# စီးပို့ ဗိနုပ်ရှိရင် ခြေပလာနဲ့ ဘယ်သူနေမလဲ

(၁)

တစ်လောက အင်မတန်ကြေကွဲစရာကောင်းတဲ့အဖြစ်တစ်ခု ဖြစ်ပွားခဲ့တယ်။ တစ်နေ့ မနက် ၄ နာရီမှာ အမြန်လမ်းမကြီး ၂၂၉ တစ်နေရာမှာ ယာဉ်တိုက်မှုတစ်ခု မတော်တဆ ဖြစ်သွားခဲ့တယ်။ လူအပြည့်တင်ထားတဲ့ ထော်လာဂျီတစ်စီးကို ကုန်ကားတစ်စီးက နောက်ကနေ ဝင်တိုက်လိုက်မိလို့ လူ ၁၅ ယောက် သေဆုံးပြီး တစ်ယောက် ဒဏ်ရာရသွားတယ်။

အခင်းဖြစ်တဲ့နေရာက ကြည့်ရက်စရာမရှိခဲ့ပါဘူး။ ထော်လာဂျီက ကိုယ်ထည်တစ်ခြား စက်ခေါင်းတခြား ဖြစ်နေခဲ့တယ်။ ထော်လာဂျီနောက်ထိုင်လိုက်လာတဲ့လူတွေရဲ့အဖြစ်ကတော့ တွေးတောင် မတွေးဝံ့စရာပါ။

မနက် ၄ နာရီ လူအပြည့်တင်ထားတဲ့ ထော်လာဂျီက ဘယ်သွားမလို့လဲ. . . လူအများ နားမလည်ဖြစ်ခဲ့ကြတယ်။

သိပ်မကြာဘူး. . . သေဆုံးသူတွေရဲ့ သတင်းပေါက်ကြားလာပါတယ်။ သူတို့က အမြန်လမ်းဘေးပတ်လည်က ရွာသူရွာသားတွေဖြစ်ကြပြီး ရွာနဲ့ ကီလိုမီတာ ၂၀ အကွာမှာရှိတဲ့ နေရာတစ်ခုမှာ ဂန္ဓာမာပန်းတစ်မျိုး သွားခူးကြမလို့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီဂန္ဓာမာပန်းက ဆေးဖက်ဝင်ပန်းတစ်မျိုးဖြစ်ပြီး ဒေသခံအများစုက ပန်းခူးတာနဲ့ အသက်မွေးဝမ်းကျောင်းကြတယ်။ ပန်းက မနက်စောစောမှာ ခူးကြရတာကြောင့် မနက် ၄ နာရီဝန်းကျင်လောက် အိမ်က ထွက်ရတယ်။ အဲဒီဒေသမှာ အခြားကုန်းလမ်းပို့ဆောင်ရေး မရှိတာကြောင့် ထော်လာဂျီနဲ့ သွားကြတာဖြစ်တယ်။ ထော်လာဂျီက မနက် ၂ နာရီကတည်းက လူတွေလိုက်ကြိုပြီး ည ၅ နာရီမှ အိမ်ပြန်ရတယ်။

စားဝတ်နေရေးအတွက် မနက်မိုးမလင်းခင် အလုပ်ဆင်း နေဝင်မှ သူတို့ အိမ်ပြန်ကြတယ်။ တစ်မနက်စာ အချိန်လေးနဲ့ လောကကြီးကနေ သူတို့ ထွက်ခွာသွားရလိမ့်မယ်လို့ ဘယ်သူ ထင်ခဲ့မလဲ။

❑

(၂)

ရင်နာကြေကွဲစရာကောင်းတဲ့ မတော်တဆမှုတစ်ခုပါ။ ဒါကို သတင်းတွေအောက်မှာ ဝေဖန်ရေးထားကြတဲ့စာတွေကို ကျွန်တော် ဖတ်မိလိုက်ပြန်တယ်။

ဘာလို့ ထော်လာဂျီ စီးရတာလဲ၊ ဘာလို့ ကားမစီးကြတာလဲ။

ဘာလို့ လူအများကြီးတင်ရတာလဲ၊ ကိုယ်ဖြစ်ကိုယ်ခံကြပေါ့။

ဘာလို့ အဲလောက်အစောကြီးသွားရတာလဲ၊ မနက်လင်းမှ သွားလို့ မရဘူးလား။

စတဲ့ အပြစ်တင်ဝေဖန်မှုနောက်မှာ တခြားလူရဲ့ ဆင်းရဲဒုက္ခကို နားမလည်ဘဲ ဝေဖန်ပိုင်းခြား အပြစ်တင်နေတာဟာ မတ်တပ်ရပ်စကားပြောပြီး ငါ့ခါးမနာပါဘူးကွာ ဆိုတဲ့ သဘောမျိုး သက်ရောက်ပါတယ်။

ဘယ်သူမဆို သက်သောင့်သက်သာ လုံခြုံဘေးကင်းနေချင်တာပေါ့။ ဒါပေမဲ့ လူတိုင်းရဲ့ ဘဝပေးအခြေအနေက မတူကြပါဘူး။

သေဆုံးသူတွေထဲမှာ အများစုက အမျိုးသမီးတွေ ဖြစ်ကြတယ်။ သူတို့ယောကျ်ားတွေက တစ်နယ်တစ်ကျေးမှာ အလုပ်လုပ်နေပြီး အိမ်မှာ ကလေးလူကြီးကို စောင့်ရှောက်ဖို့ လူပို မရှိတာကြောင့် သူတို့က မနက်အစောပိုင်းပဲ အလုပ်လုပ်ကြတာ ဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လူတိုင်း အထပ်မြင့်တိုက်အိမ်တွေနဲ့ နေချင်ကြပါတယ်။

ဒီလောကမှာ စီးဖို့ဖိနပ်ရှိတဲ့လူက ခြေဗလာနဲ့ ပြေးနေမှာတော့ မဟုတ်ပါဘူး။

❑

(၃)

"The Great Gatsby" စာအုပ်ထဲမှာ "တခြားလူကို ဝေဖန်တော့မယ်ဆိုရင် ဒီလောကမှာ ကိုယ့်လိုကောင်းတဲ့အခြေအနေမျိုး လူတိုင်းမှာ မရှိဘူးဆိုတာ သတိရပါ"လို့ ပြောထားတယ်။

လူ့သဘောသဘာဝရဲ့ အားနည်းချက်ထဲကတစ်ခုက တခြားလူကိုကိုယ် တွေးထင်သလို တရားစီရင်တာပါပဲ။ စည်ကားသိုက်မြိုက်မှု၊ ကြီးကျယ်ခမ်းနားမှုတွေကို တွေ့မြင်ဖူးပြီးတဲ့နောက် လူတိုင်းလည်း ဒီလိုပဲ နေမှာပါလေလို့ တွေးတတ်ကြတယ်။ လူ့ဘဝခက်ခဲကြမ်းတမ်းမှုဆိုတာ တစ်ခါတလေမှသာ ထုတ်လွှင့်တဲ့သတင်း ဖြစ်တယ်။ ဒါကိုလည်း ခင်ဗျား သိခဲ့မှာမဟုတ်လို့ တခြားလူရဲ့ဘဝမှာ ဘာဆင်းရဲဒုက္ခမှ မရှိဘူးလို့ ခင်ဗျား ထင်ခဲ့တယ်။

အင်တာနက်သုံးစွဲသူတစ်ယောက်က သူ့အတွေ့အကြုံကို မျှဝေထားတာ ဖတ်လိုက်ရတယ်။ တစ်ခါက သူ ဘတ်စကက်ဘောကစားနေတုန်း အဘွားအိုတစ်ယောက်က သူ ရှိရာဘက်ကို အဝေးကနေ အကြာကြီး ရပ်ကြည့်နေခဲ့တယ်။ ဘတ်စကက်ဘော တစ်နာရီလောက် သူ ကစားခဲ့တယ်။ အဘွားအိုလည်း တစ်နာရီလောက် ရပ်နေခဲ့တယ်။ ပစ္စည်းတွေ သိမ်းဆည်းပြီး အိမ်ပြန်ဖို့ သူ ပြင်တော့ အဘွားအိုက သူ့ဆီ လျှောက်လာပြီး "သား... သားရဲ့ရေသန့်ဘူးခွံလေး အဘွားကို ပေးလို့ရမလား" လို့ ပြောတယ်။

သူ စိတ်မကောင်းဖြစ်သွားမိတယ်။ ရေသန့်ဘူးခွံတစ်လုံးကို ပြန်ရောင်းရင် ဘယ်နှပြားမှ မရပါဘူး။ ဒီဘယ်နှပြားမှမရတဲ့ ရေသန့်ဘူးတစ်လုံးအတွက် တချို့က တစ်နာရီလောက် ရပ်စောင့်ခဲ့တယ်။

"တစ်ခါတလေ ငါတို့ရဲ့မျက်လုံးတွေက စကြဝဠာကို မြင်နိုင်ပေမယ့် လူ့အဖွဲ့အစည်းရဲ့ အောက်ခြေအဆင်းရဲဆုံးလောကကိုတော့ မမြင်ကြဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ မသိနားမလည်တဲ့နေရာတွေက ခါးသီးမှုတွေကို ကျွန်တော်တို့ မမြင်နိုင်ခဲ့ကြပါဘူး။

❑

(၄)

တစ်ယောက်က "ဘယ်လိုအချိန်မျိုးမှာ ဘဝက အခက်အခဲဆုံးလို့ ထင်သလဲ" ဆိုတဲ့ မေးခွန်းတစ်ခု မေးဖူးတယ်။

အဖြေတစ်ခုကို ဒီကနေ့အထိ ကျွန်တော် မေ့မရခဲ့ပါဘူး။

"ကျောင်းဆင်း အိမ်ပြန်ရောက်တော့ နွားတင်းကုပ်မှာ နွားကို တုတ်နဲ့ရိုက်နေတဲ့ အမေ့ကို သူ တွေ့လိုက်တယ်။ နွားက ဇက်ကြိုးပြတ်ပြီး စပါးကျီထဲ ရောက်နေတယ်။ စပါးနဲ့ သိုလှောင်ထားတဲ့ အသီးအနှံတွေ နွားနင်းလို့ ပျက်စီးကုန်တယ်"

အမေဟာ တစ်ဖက်ကငိုရင်း တစ်ဖက်က "နင် ဘာလို့အစာတွေကို ဖြုန်းတီးပစ်ရတာလဲ. . . နင် ဘာလို့ စကားနားမထောင်လဲ" လို့ အော်ပြီး နွားကို ရိုက်တယ်။ နွားမျက်ဝန်းမှာလည်း မျက်ရည်စီးကျလာတာကို သူ တွေ့လိုက်ပြီး စိတ်မကောင်းဖြစ်သွားမိတယ်။ နွားက တောင်သူလယ်သမားတို့ရဲ့ အသက်ပါ။ သူ့ကို ရိုက်လည်း သူ နားမလည်ပါဘူး။ ဒါပေမဲ့ အဲဒီတုန်းက နွား နားလည်လိုက်သလိုပဲ. . . ရှောင်လည်းမရှောင်သလို မျက်ရည်ကျရက် အရိုက်ခံနေခဲ့တယ်။ နောက်မှ ဖေဖေပြောလို့ သိရတာက နွားက ဆာလွန်းလို့ ဇက်ကြိုးပြတ်အောင် ရုန်းလိုက်တာပါ။ အလုပ်ပင်ပင်ပန်းပန်း လုပ်ပြီး အစာဝဝ မစားရလို့ ဖြစ်တာပါ။

အဲဒီနောက်ပိုင်း သူ့မှတ်ဉာဏ်ထဲမှာ အဲဒီအကြောင်းအရာက အမြဲတစေ ရှင်းရှင်းလင်းလင်း ရှိနေခဲ့တယ်။ နွားရဲ့ခက်ခဲပင်ပန်းမှုကို သူ နားလည်သလို၊ မိဘတွေရဲ့ ဆင်းရဲဒုက္ခကိုလည်း သူ သိတယ်။ ဘဝက မလွယ်ပါဘူးဆိုတာကိုလည်း သူ သိတယ်လို့ ရေးထားပါတယ်။

ဒီလောကမှာ လူတိုင်း အခက်အခဲကိုယ်စီ ရှိကြတယ်။

လူ့ဘဝရဲ့အတက်အဆင်းလမ်းခရီးမှာ ကျွန်တော်တို့လျှောက်လှမ်းနေကြတယ်။ ပြေးလွှားနေကြတယ်။ ဆင်းရဲဒုက္ခကြားမှာ ကုသိုလ်တရားတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

ရှာဖွေနေခဲ့ပေမယ့် သူတစ်ပါးဒုက္ခကို ကျွန်တော်တို့ အပြည့်အဝ စာနာစိတ် မပေးနိုင်ခဲ့ကြသေးပါဘူး။

စာနာစိတ်၊ နားလည်မှုရှိမှ ကရုဏာတရားက ဖြစ်ပေါ် လာတာပါ။ ကိုယ်ကိုယ်တိုင် ဆင်းရဲဒုက္ခခံရတဲ့အခါကျမှ တခြားလူရဲ့ဒုက္ခကို စာနာရမှန်း သိနားလည်လာပါ။

တခြားလူထက် ကျွန်တော်တို့ နည်းနည်းကံကောင်းတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း ကြင်နာစိတ်ကို ပိုမွေးမြူဖို့ လိုပါတယ်။ တခြားလူရဲ့အခက်အခဲကို ဘာလို့ လက်ညှိုးထိုးအပြစ်တင်နေမလဲ။ ဘယ်သူ့ဘဝဖြစ်ဖြစ် ရှေ့ဆက်လျှောက်လှမ်းနေဖို့ တာဝန်ရှိပါတယ်။

ရိုးရှင်းသာမန်တဲ့ဘဝတစ်ခုမှာ နေထိုင်ရဖို့ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားနေကြတာပါ။

တိုက်တာအမြင့်ပေါ်မှာနေတဲ့ ဝန်ထမ်းပဲဖြစ်ဖြစ်၊ တောရွာရွံ့နွံထဲက တောင်သူလယ်သမားတွေပဲဖြစ်ဖြစ် အခြေခံအားဖြင့် ဘဝအခြေအနေ မတူကြပေမယ့် လူတိုင်းက ရိုးရှင်းသာမန်တဲ့ ဘဝတစ်ခုမှာ နေထိုင်ရဖို့ ကြိုးစားနေကြတာဖြစ်တယ်။ ပိုက်ဆံတစ်ထောင် ချွေတာဖို့ ဘာလို့ အဝေးကြီး လမ်းလျှောက်ရတာလဲလို့ မမေးပါနဲ့။ လူတချို့က ပိုက်ဆံတစ်ပြားတစ်ချပ် လည်း ကပ်တွက်တယ်လို့ မပြောပါနဲ့။ အလုပ်ကို ကြိုးစားလုပ်လည်း လိုချင် တာကို မရသေးတဲ့လူကို အပြစ်မတင်ပါနဲ့။

အမှန်တကယ်လေးစားထိုက်သူဆိုတာ မျက်လုံးထဲမှာ ကြယ်ပင်လယ် ကြီးရှိရုံမက အခြားလူရဲ့အခက်အခဲ ဆင်းရဲဒုက္ခကိုလည်း ထည့်ထားနိုင်သူ ဖြစ်တယ်။ ကိုယ် မတွေ့ကြုံဖူးသေးတဲ့ ဘယ်ကိစ္စရပ်အပေါ်မဆို အခြေခံ ကြင်နာမှုလေးကိုတော့ ကျွန်တော်တို့ ထိန်းထားသင့်တယ် မဟုတ်ပါလား။

မူရင်း - **The Reader**

(တရုတ်မဂ္ဂဇင်း။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အတူဆော့ကစားနိုင်မယ့်သူ

ဖြတ်သန်းရမယ့်နေ့ရက်တွေက ရှည်လျားတယ်၊
အတူတူ ဆော့ကစားနိုင်မယ့် သူကို ရှာယူပါတဲ့။

❑

(၁)

မနေ့က မထင်မှတ်ဘဲ ပောင်ကောင်နာမည်ကြီး မင်းသမီးတစ်ယောက်ရဲ့ ဗီဒီယိုတစ်ခု အမှတ်မထင် တွေ့လိုက်မိတယ်။ ဖွင့်ကြည့်လိုက်တော့ ဟိုတယ်အခန်းတစ်ခုမှာ မင်းသမီးနဲ့ သူ့အမျိုးသား ရိုက်ထားတဲ့ ဗီဒီယိုဖြစ်နေတယ်။ လေယာဉ်နောက်ကျလို့ နှစ်ယောက်သား ဟိုတယ်အခန်းထဲမှာနေပြီး အဆိုပွဲတစ်ခု သူတို့ ကျင်းပနေကြတာပါ။

စစချင်းမှာတော့ မင်းသမီးတစ်ယောက်တည်း မိုက်ခဲခနေတယ်။ တီဗီဖန်သားပြင်ကိုကြည့်လိုက် ဆိုလိုက်၊ ကလိုက်လုပ်နေတယ်။ ခဏနေတော့ သူ့အမျိုးသားလည်း ပါလာတယ်။ သူ့အမျိုးသားက စဘော့ဘောအကျႌဝတ်ထားတယ်၊ လက်ထဲမှာလည်း သူ ဝတ်ထားတဲ့အကျႌနဲ့ဆင်တူတဲ့ အကျႌတစ်ထည် ကိုင်ထားတယ်။ ပြီးတော့ သီချင်းဆိုနေတဲ့မင်းသမီးကိုယ်ပေါ် ဝတ်ပေးပြီး နှစ်ယောက်သား ဝတ်စုံညီ သံပြိုင်ကကြဆိုကြတော့တယ်။

mgyoe.com

လူတွေက soul mate.. soul mate လို့ ပြောတတ်ကြတယ်။ အဲဒီ soul mate ဆိုတာ ဘယ်လိုပုံစံမျိုးလဲဆိုတာ ကျွန်မတော့ မျက်စိနဲ့တပ်အပ် မမြင်ဖူးဘူး။ ဒါပေမဲ့ အပေးအယူညီမျှပြီး ပျော်ရွှင်နေတဲ့ မင်းသမီးတို့စုံတွဲတို့ ရဲ့ အိမ်ထောင်ရေးအရည်အသွေးက အကောင်းဆုံးလို့ ပြောရမယ်။

လေယာဉ်နောက်ကျတဲ့ဇနီးမောင်နှံတော်တော်များများရဲ့ လေယာဉ် ကွင်းရောက်လာတဲ့ပုံစံကို ကျွန်မတို့ မြင်ယောင်ကြည့်ရအောင်။ စိတ်ညည်း ညူမယ်၊ စိတ်ရှုပ်ဒေါသထွက်မယ်၊ မကျေမနပ်ရေရွတ်မယ်၊ တချို့က အချင်း ချင်း အပြစ်တင်မယ်၊ နင့်ကြောင့် လေယာဉ်နောက်ကျတာလို့ဆိုမယ်။ နင့်ကြောင့်ပေါ့. . . ဒီလိုရာသီဥတုမျိုးမှာ ခရီးထွက်လာတာလို့ အပြစ်တင် ကြမယ်။

ဒါပေမဲ့ မင်းသမီးတို့ဇနီးမောင်နှံကတော့ ဒီစိတ်ညစ်စရာအဖြစ် ကို ပျော်စရာအဆိုပွဲတစ်ခုအဖြစ် ကျင်းပလိုက်ကြတယ်။

အရင်တုန်းက ဒီအမျိုးသားဟာ ချောမောလှပတဲ့ ဒီနာမည်ကြီး မင်းသမီးနဲ့ မတန်ဘူးလို့ ဆိုကြတယ်။ ဒီဗီဒီယိုကိုကြည့်ရတော့ သူတို့ကမှ တကယ့်နတ်ဖက်တဲ့အတွဲပါလို့ ကျွန်မ ကောက်ချက်ချမိတယ်။

❑

(၂)

အိမ်ထောင်ရေးမှာ ဘယ်အရာကမှ

နှစ်ယောက်အတူ ပျော်ရွှင်ကစားရတာလောက် လှတဲ့အရာ မရှိဘူး။

❑

ဇီဝဗေဒပညာရှင်တွေက ပြောတယ်။

"အချစ်ဆိုတဲ့အရာက ကျွန်မတို့ ခန္ဓာကိုယ် secretion (ဓာတ်တစ်မျိုး) ရဲ့ပေါ်မုန်းက ထုတ်တဲ့ အရာတစ်ခုဖြစ်တယ်။ ဒီလို ဓာတုပစ္စည်းပါတဲ့ဓာတ် က အကန့်အသတ်ရှိတယ်။ အများဆုံး ခံတဲ့ကာလက ၁၈ လဖြစ်တယ်။ စိတ်အားထက်သန်မှု၊ စိတ်ဝင်စားမှုတွေ ကုန်ဆုံးသွားတဲ့အခါ ဘယ်အရာတွေ က ကျန်ရှိနေခဲ့မလဲ. . ."

ရှည်လျားတဲ့နေ့ရက်တွေမှာ ကိုယ့်ကိုယ်ကိုယ်အပြင် အခြားလူတစ်

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်နဲ့လည်း ကျွန်မတို့ ပေါင်းသင်းဆက်ဆံရတယ်။ နဂို သူ့အပေါ် ထား ရှိခဲ့တဲ့ စိတ်ဝင်စားမှုတွေ ကိုယ့်မှာ ရှိမနေတော့ဘူး။ တစ်ခါတလေ လူ တစ်ယောက်ကို အနီးကပ် ပေါင်းသင်းဆက်ဆံကြည့်မှ၊ သူ့မျက်နှာဖုံးတွေ ကွာကျ၊ သူ့တန်ဆာဆင်မှုတွေခွာချပြီးမှ နဂိုစစ်မှန်တဲ့ သူ့အကျင့်စရိုက်ကို ကျွန်မတို့ တွေ့ရတတ်တယ်။

ချစ်စခင်စကြင်နာစမှာရှိတဲ့ စိတ်အားထက်သန်မှု၊ စိတ်ဝင်စားမှု တွေဟာ အချိန်အတိုင်းအတာတစ်ခုအထိပဲ ခံပါတယ်။ အချိန်အတော်များ များမှာ ကျွန်မတို့ရဲ့နေ့ရက်တွေက ရေလိုပဲ အရသာမဲ့လှတယ်။ စားတယ်၊ အိပ်တယ်၊ အလုပ်တက် အလုပ်ဆင်းတယ်။ အောင်မြင်ကျော်ကြားတဲ့လူတွေ လည်းပဲ လူရှေ့သူရှေ့မှာ တောက်ပပြပြီးတဲ့နောက် ကိုယ့်ကိုယ်ကိုယ် သာမန် လူတစ်ယောက်အဖြစ် တည်ရှိနေတာကို တစ်ယောက်တည်း ရင်ဆိုင်ရပါ တယ်။

ရှည်လျားလှတဲ့ ကျွန်မတို့ရဲ့နေ့ရက်တွေထဲမှာ ဒီအရသာမဲ့ အထီး ကျန်ဆန်ခြင်းတွေကို ဘာနဲ့ ဖြေရှင်းနိုင်မလဲ။ ဟော်မုန်းဓာတ်လှုံ့ဆော်အား မရှိတော့တဲ့ လူနှစ်ယောက်ဟာ အချင်းချင်းရဲ့ ချွတ်ယွင်းချက်တွေကို နားလည် သည်းခံနိုင်နေကြသေးတာ၊ တစ်ယောက်ကိုတစ်ယောက် မခွဲမခွာရှိနေကြ သေးတာဟာ ဘာကြောင့်လဲ. . .။

ဒီအမေးကို တချို့က တာဝန်နဲ့ဝတ္တရားအရလို့ ဖြေကြလိမ့်မယ်။ တချို့က ကလေးတွေရဲ့မျက်နှာကို ထောက်လို့လို့ဆိုကြမယ်။ ဒါ အကျိုးသင့် အကြောင်းသင့်ပါသလား။ သင့်မှာပါ။ ဒါပေမဲ့ ဒီလို အိမ်ထောင်ရေးက အရည်အသွေးနိမ့်အိမ်ထောင်ရေးလို့ ဆိုရပါလိမ့်မယ်။ ကျွန်မတို့ပတ်ဝန်းကျင် မှာ အများဆုံး တွေ့မြင်နေရတဲ့ အိမ်ထောင်ရေးမျိုး ဖြစ်တယ်။

လင်ရယ်မယားရယ်က အတူရှိနေချိန်မှာ ပြောစရာစကား သိပ် မရှိတတ်ကြဘူး။ ကလေးအကြောင်းအပြင် တခြားပြောစရာစကား မရှိ ကြဘူး။ အပြင်ထွက် ငွေရှာမယ်၊ အိမ်ပြန်ထမင်းစားမယ်ဆိုတာကလွဲပြီး နှစ်ယောက်အတူ ရှိနေချိန်မှာ တခြားဘာလုပ်စရာရှိမှန်း မသိကြတော့ဘူး။ တကယ်လို့ ကော်ဖီဆိုင်မှာဖြစ်ဖြစ်၊ ဘားတစ်ခုမှာဖြစ်ဖြစ်၊ ခရီးတစ်ခုမှာပဲ

mgyoe.com